**ကမ္ဘာ့ဘဏ်အုပ်စု မြန်မာနိုင်ငံဆိုင်ရာ စနစ်တကျ ဆန်းစစ်လေ့လာမှုနှင့်**

**မြန်မာနိုင်ငံဆိုင်ရာ ပူးပေါင်းဆောင်ရွက်မှု မူဘောင်**

**ပထမအကြိမ် အကြံပြုဆွေးနွေးပွဲ မေလ ၂၂ ရက်၊ ၂၀၁၄**

**ရှမ်းပြည်နယ်အစိုးရအဖွဲ့၊ တောင်ကြီးမြို့**

| အမျိုးအစား | အကြံပြုချက် | ပါဝင်ဆွေးနွေးသူ | မှတ်ချက် |
|---|---|---|---|
| အထွေထွေဆွေးနွေးချက် | ကမ္ဘာ့ဘဏ်က ဆင်းရဲနွမ်းပါးမှု အား မည်သို့ အဓိပ္ပါယ် သတ်မှတ် ပါသလဲ။ | ပြည်နယ်အစိုးရ | UNDP က စားသုံးသူ အခြေခံ သည့် တိုင်းတာမှုကို အသုံးပြု သည်။ |
| | ကမ္ဘာ့ဘဏ်က လုံခြုံရေးကို မည်သို့အဓိပ္ပါယ် သတ်မှတ် ပါသလဲ။ | ပြည်နယ်အစိုးရ | ပဋိပက္ခများမှ ကင်းလွတ်ခြင်း |
| | တင်ပြချက်တွင်ကိုးကားဖော်ပြထားသည့် စာရင်းဇယားများကယခုထိ ငြိမ်းချမ်းရေး မရသေး သော ဒေသများ ပါဝင်သလား။ | ပြည်နယ်အစိုးရ | ယခု အချက်အလက်များသည် ၂၀၁၀ ခုနှစ် ကုလသမဂ္ဂ သန်းခေါင်စာရင်းများဆိုင်ရာ အချက်အလက်များမှ ရယူထားခြင်းဖြစ်သည်။ ထိုအချိန်က ရှမ်းပြည်နယ် တွင် စာရင်းအပြည့်အစုံ ကောက် ယူရန် မဖြစ်နိုင်သေးချေ။ ယခုထိ စာရင်းကောက်ယူရခြင်း မရှိသေး သော ဒေသများ ပါဝင်စေရန် ကမ္ဘာ့ဘဏ်က ၂၀၁၄ ခုနှစ် နှောင်းပိုင်းတွင် စာရင်းကောက် ယူမှုလုပ်ရန် စီစဉ်နေသည်။ |
| | ထိုစာရင်း ဇယားများတွင် ကြွေးမြီကို ထည့် သွင်းစဉ်းစားထား ပါသလား။ တောင်သူ အများ အပြားသည် ခန့်မှန်း တွက်ချက် ထားသည်ထက် ကြွေးမြီ များ ပိုရှိ ကြသည်။ | ပြည်နယ်အစိုးရ | |
| | ကမ္ဘာ့ဘဏ်က ရှမ်းပြည်နယ်တွင် မည်သည့် အရာများ ပြုလုပ်ပေး နေ သလဲ။ | ပြည်နယ်အစိုးရ | စီမံကိန်း အစီအစဉ်များ ရေးဆွဲ နေသည်။ သို့သော် ယခုအထိ မည်သည့် အရာကိုမှ အကောင် အထည်မဖော်ရသေးပါ။ |
| | CDD စီမံကိန်းအတွက် နမ့်ဆန်ကိုဘာကြောင့် ရွေးချယ်ပါသလဲ။<br><br>မည်သို့ဆုံးဖြတ်ပါသလဲ။ | ပြည်နယ်အစိုးရ | အဆင်းရဲဆုံး ဖြစ်မည်ဟု ဆုံး ဖြတ်သည့်အတွက် ဖြစ်ပါသည်။ |
| အကြောင်းအရာ | အောက်ခြေကို မြှင့်တင်ပေးသည့် ချဉ်းကပ်လုပ်ဆောင်မှုအား အကောင် အထည် ဖော်သည့် နည်းစနစ်သို့ ပြောင်းလဲနိုင်ရန်အတွက် နည်းပညာ အကူအညီများ လိုအပ်သည်။<br><br>အရေးအကြီးဆုံး ကဏ္ဍများမှာ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် SME ဖွံ့ဖြိုးတိုးတက်ရေး ဖြစ်သည်။<br><br>လျှပ်စစ်ဓာတ်အား ပေးရေး၊ ရေနှင့် သယ်ယူပို့ဆောင်ရေး ကဏ္ဍများမှာ | ပြည်နယ်အစိုးရ | |

| | | | |
|---|---|---|---|
| | ဦးစားပေးဖြစ်သည်။ ယခုအချိန်အထိ ထိုကဏ္ဍများအတွက် လုံလောက် သည့် ငွေကြေးထောက်ပံ့မှု မရှိချေ။ | | |
| | ရှမ်းပြည်နယ်တွင် နေထိုင်သည့် လူဦးရေ၏ ၇၀ မှ ၈၀ % သည် စိုက်ပျိုးရေးကိုလုပ်ကိုင်ကြသည်။ ထိုကဏ္ဍတွင် ငွေအရင်းအနှီး လုံလောက်မှု မရှိချေ။ လမ်းပန်းဆက်သွယ်မှု၊ စက်အစားထိုး အသုံးပြုမှုနှင့် ရေပံ့ပိုးပေးမှုများ တိုးတက်အောင် လုပ်ဆောင်ရန် လိုအပ်သည်။<br><br>အထွက်နှုန်းတိုးအောင် ဆောင်ရွက်နိုင်လျှင် ဂင်ငွေတိုးနိုင်ပြီး ဆင်းရဲ နွမ်းပါးမှုကို သိသာစွာ လျှော့ချနိုင်သည်။ နမ့်ခမ်း/မူဆယ် တွင် တောင်သူများ ၃ သီး စိုက်ပျိုးနေပြီး နယ်စပ်ကုန်သွယ်ရေးကို လုပ်ဆောင်နိုင်ကြသည့်အတွက် တောင်သူများ ကြွယ်ဂနေကြသည်။ | ပြည်နယ်အစိုးရ | |
| | မြို့ပြဖွံ့ဖြိုးတိုးတက်ရေးနှင့် ပတ်သက်လျှင် ရှမ်းပြည်နယ်တွင် မြို့ပေါင်း ၈၄ မြို့ရှိသည်။ ထိုမြို့များတွင် နွေရာသီအတွင်း ရေတွင်းအားလုံး ခမ်းခြောက်သွားသည့်အတွက် သောက်ရေရရှိရေးသည် ကြီးမားသည့် ပြဿနာ ဖြစ်နေသည်။ မြေအောက်ရေ အရင်းအမြစ်ကို ပိုက်နှင့် သွယ် ရန်အတွက် နည်းပညာနှင့် ငွေကြေးအကူအညီ ရရှိလျှင် ကောင်းမွန် မည်ဖြစ်သည်။ | ပြည်နယ်အစိုးရ | |
| | ကျေးလက်ဒေသများတွင် အခွင့်အလမ်းများ နည်းပါးသည့်အတွက် ကျေးလက်- မြို့ပြပြောင်းရွှေ့မှုများကြောင့် မြို့ပြဆင်းရဲနွမ်းပါးမှု ဖြစ်ပေါ် ရခြင်းဖြစ်သည်။ မြို့ပြ ဆင်းရဲနွမ်းပါးမှုကို နှိမ်နင်းရန်အတွက် ကျေးလက် ဖွံ့ဖြိုးတိုးတက်ရေးမှာ မရှိမဖြစ်လိုအပ်သည်။<br>ထိရောက်သော ဂန်ဆောင်မှုပေးရန်အတွက် လူထုအား ရံပုံငွေ ပေးဂေ သည့် စည်းမျဉ်းသည် အရေးကြီးမည်ဖြစ်သည်။<br><br>စိုက်ပျိုးရေးတွင် အထွက်နှုန်းကောင်းသည့် တိုင်အောင် **သယ်ယူပို့ ဆောင်ရေးစရိတ်**မှာ လွန်စွာမြင့်မားနေသည်။<br><br>**ဈေးကွက်ရရှိရေး** - ဈေးကွက်ဆိုင်ရာ စည်းမျဉ်းစည်းကမ်းများနှင့် အခွန် ရပ်ဆိုင်းပေးရန် လိုအပ်သည်။ ထုတ်လုပ်မှု ကုန်ကျစရိတ် လျှော့ချရန် အရေးကြီးသည်။ | ပြည်နယ်အစိုးရ | |
| | လျှပ်စစ်ဓာတ်အား ပေးရေးနှင့် ပတ်သက်ပြီး လက်ရှိတွင် မည်သည့် စီမံကိန်းများ ရှိပါသလဲ။<br><br>ရှမ်းပြည်နယ်ကို NPE ထဲတွင် ထည့်သွင်းနိုင်ပါသလား။ သို့မဟုတ် NPE နှင့်ပတ်သက်သည့် အစီရင်ခံစာကို ဂန်ကြီးထံ | ပြည်နယ်အစိုးရ | |

| | | | |
|---|---|---|---|
| | တင်ပြနိုင်ပါသလား။ | | |
| | ရှမ်းပြည်နယ်၏ ဦးစားပေးအရာများနှင့် ပထဝီဝင်ဆိုင်ရာ ရည်မှန်းချက် များနှင့် ပတ်သက်သည့် အစီရင်ခံစာတွင် လျှပ်စစ်ဓာတ်အား ရရှိရေး သည် ပထမဦးစားပေးဖြစ်သည်။ | ပြည်နယ်အစိုးရ | |
| | **သယ်ယူပို့ဆောင်ရေး** - သယ်ယူ ပို့ဆောင်ရေး ညံ့ဖျင်းမှုသည် စိုက်ပျိုးရေး ဖွံ့ဖြိုးတိုးတက်မှု အပေါ် သက်ရောက်နေသည့် အဓိကအချက် များအနက် တစ်ခုဖြစ်သည်။ ထုတ်ကုန်များ ရှိသော်လည်း သယ်ယူ ပို့ဆောင်ရေးစနစ် ညံ့ ဖျင်းမှုကြောင့် ၎င်းတို့အား တင်ပို့ နိုင်ခြင်းမရှိချေ။<br><br>**ဈေးကွက်ရရှိရေး** - မိမိတို့ ထုတ်ကုန်များအတွက် တည်ငြိမ်သည့် ဈေးကွက်မရှိချေ။ ထို့ကြောင့် တောင်သူများ မည်သည့်သီးနှံ စိုက်ပျိုးရမည်ကို မသိကြချေ။ ထွက်ကုန်အသီးသီးအတွက် စံသတ်မှတ်ထားသည့် ဈေးနှုန်းများ ရှိသင့်သည် (ဥပမာ-ထိုင်းဝန်ကြီးချုပ်ဟောင်း သက်ဆင် သည် သီးနှံဈေးနှုန်းများအား စံသတ်မှတ်ခဲ့ပြီး သီးနှံအားလုံးကို ဈေးကွက်ပေါက်ဈေးထက် မြင့် သည့်နှုန်းဖြင့် ဝယ်ယူခဲ့သည်။ ထို့ကြောင့် အခြား လုပ်ငန်းရှင်များက သက်ဆင် ထံမှ ပြန်လည် ဝယ်ယူခဲ့ရသည်။)<br><br>ကျေးလက်ဒေသတွင် စီးပွားရေး တိုးတက်မှု မရှိလျှင် မြို့ပြစီးပွားရေးကိုပါ အကျိုးသက်ရောက် မှု ရှိသည်။<br><br>ပြည်တွင်းငြိမ်းချမ်းရေး ရရှိရန် လိုသည်။ ငြိမ်း ချမ်းရေး မရှိပါက ဖွံ့ဖြိုးတိုးတက်မှုလည်း မရှိချေ။ | ပြည်နယ်အစိုးရ | |
| | **လမ်းပန်းဆက်သွယ်ရေး**<br>ရှမ်းပြည်နယ်တွင် လမ်းပန်းဆက်သွယ်ရေး အလွန်ခက်ခဲသည်။ အထူးသဖြင့် တောင်တန်း ဒေသ များတွင် ဖြစ်သည်။ ထို့ကြောင့် လူနေမှု အဆင့် လွန်စွာ နိမ့်ကျနေသည်။<br><br>**ပညာရေး**<br>ပညာရေးသည် လူသားအရင်းအမြစ် ဖွံ့ဖြိုးတိုး တက်ရေးအတွက် အဓိက သော့ချက်ဖြစ်သည်။ ပညာတတ်သူများနှင့် ပညာမတတ်သူများ၏ လူနေမှုအဆင့်အတန်း ကွာဟချက်မှာ လွန်စွာ ကြီးမားသည်။<br><br>**မြေယာရရှိမှု**<br>တောင်တန်း ဧရိယာတွင် တောင်သူများ ရွှေ့ပြောင်းတောင်ယာ စနစ်ကျင့်သုံးမှုကြောင့် တည်ငြိမ်သည့် ဝင်ငွေမရှိချေ။ ထို့ကြောင့် နည်းစနစ်ကျသည့် စိုက်ကွက်များ ပြုလုပ်ရေးအတွက် အထောက်အပံ့ပေးရန် မေတ္တာရပ်ခံ လိုပါသည်။ ထိုသို့လုပ်ဆောင် နိုင်ပါက စိုက်ကွက်အသီးသီးတွင် မည်သည့် သီးနှံစိုက်သင့်သည်ကို ဆုံးဖြတ်ရန်အတွက် မြေဆီလွှာ အကဲဖြတ်မှုနှင့် | ပြည်နယ်အစိုးရ | |

| | | | |
|---|---|---|---|
| | နည်းပညာ လိုအပ် မည်ဖြစ်သည်။ | | |
| | **ပညာရေး**<br>ပညာရေးဆိုင်ရာ အခြေခံအဆောက်အအုံနှင့် ဆရာများအတွက် ပံ့ပိုးမှုများ လိုအပ်သည်။<br><br>**ကျန်းမာရေး**<br>မြန်မာနိုင်ငံတွင် ဆရာဂန်များရှိသော်လည်း အုပ်ချုပ်မှု စနစ်ညံ့ဖျင်းသောကြောင့် ကျေးလက် ဒေသများတွင် လုပ်ကိုင်ခြင်း မရှိကြချေ။ ထို ကိစ္စကို ဖြေရှင်းရန် လိုသည်။ ထို့အပြင် ကျေး လက် ဒေသများရှိ ကျန်းမာရေး ဌာနများကို အဆင့်မြှင့်တင်ရန်လည်း လိုအပ်သည်။ | ပြည်နယ်အစိုးရ | |
| | မိမိတို့၏ အဓိက ဦးစားပေး ၃ ခုမှာ ပညာရေး၊ သယ်ယူပို့ဆောင်ရေး နှင့် စိုက်ပျိုးရေး ဖွံ့ဖြိုး တိုး တက်မှုဖြစ်သည်။ အခြားအဖွဲ့များက အသေး စိတ်အချက် အများအပြားကို ဆွေးနွေးခဲ့ပြီး ဖြစ်သည့်အတွက် ထိုအသေးစိတ် အချက်များ အား ထပ်မံဖော်ပြခြင်း မပြုတော့ပါ။<br><br>လူမှုလုံခြုံရေးအတွက် ငြိမ်းချမ်းရေးရှိရန် လိုအပ် သည်။<br><br>ဆင်းရဲနွမ်းပါးမှုကို လျှော့ချရန်အတွက် အစိုးရ၊ ဥပဒေရေးဆွဲသူများ နှင့် တရားသူကြီးများ၏ စိတ်နေစိတ်ထားအား ပြောင်းလဲရမည်ဖြစ်သည်။ စိုက်ပျိုးရေး၊ ပညာရေး အစရှိသည့် အရာ များအား မြှင့်တင်လိုပါက ဗဟိုချုပ်ကိုင်မှု စနစ်အား လွှဲပြောင်းပေးမှသာ အောင်မြင်နိုင် မည်ဖြစ်သည်။ | ပြည်နယ်အစိုးရ | |
| | **အဂတိ လိုက်စားမှုသည်** ပြဿနာ တစ်ခုဖြစ် သည်။ မြို့နယ်အဆင့် အရာရှိက တိုင်းအဆင့် အရာရှိအား တွေ့လိုလျှင် လက်ဆောင်ယူသွား ပေးရသည့် အလေ့အထ မိမိတို့နိုင်ငံတွင် ရှိ သည်။<br>တောင်သူတစ်ဦးအား ငွေကြေးပံ့ပိုးပေးမလား။ ထိုကူညီထောက်ပံ့မှုသည် တိုက်ရိုက်ရောက်ရှိ သွားမည်လား။<br>အကယ်၍ ထိုအထောက်အပံ့က ဈေးရိုကရက် အဆင့်အသီးသီးကို ဖြတ်ကျော် ရလျှင် တောင်သူက ပမာဏ မည်မျှသာ ရရှိ မည်နည်း။ အစိုးရက အသွင်ကူးပြောင်း နေ သည့် တိုင်း အောင် အပြောင်းအလဲကို ၎င်းတို့ ကြောက်နေ ဆဲ ဖြစ်သည်။ | ပြည်နယ်အစိုးရ | |
| | **စိုက်ပျိုးရေး သွင်းအားစုများ နှင့် နည်းပညာ**<br>မြန်မာနိုင်ငံတွင် ထုတ်ကုန်တန်ဖိုးနှင့် နှိုင်းယှဉ် ပါက စိုက်ပျိုးရေး သွင်းအားစုများ၏ တန်ဖိုးမှာ အလွန် မြင့်မားသည်။ မိမိတို့အနေဖြင့် သဘာဝ မြေသြဇာများ ထုတ်လုပ်ရန် လိုအပ်သည်။ ထို့အပြင် ရာသီဥတု အခြေအနေဆိုးဂါးပါက သီးနှံများအား | ပြည်နယ်အစိုးရ | |

| | | | |
|---|---|---|---|
| | မြန်မြန်ရိတ်သိမ်းနိုင်ရန် စက် ပစ္စည်းများ လိုအပ်သည်။ အထူးသဖြင့် ရာသီ ဥတု ဆိုးဝါးချိန်တွင် သီးနှံများ အချိန်မီ သို လှောင်ရန်အတွက် သိုလှောင် အဆောက် အအုံများ လိုအပ်သည်။ မိမိတို့တွင် နည်း ပညာနှင့် သီးနှံများအား အဆင့်မြှင့်ရန် စျေးကွက်များ လုံလောက်အောင် မရှိသည့် အတွက် မြန်မာနိုင်ငံတွင် ဘိန်းစိုက်ပျိုး ထုတ်လုပ်မှု မြင့်မားနေဆဲဖြစ်သည်။ | | |
| လုပ်ငန်းစဉ် | | | |